သို့ BCPS မိသားစုများရှင့်၊
ယခုလာမည့်ပညာသင်နှစ်အစ ဆောင်းရာသီ(Fall) တွင် Battle Creek အစိုးရစာသင်ကျောင်းအနေဖြင့် အဓိကဦးစားပေး
စဉ်းစားမှုမှာ ကျောင်းသားများ၊ ဝန်ထမ်းများ နှင့် မိသားစုများအားလုံး၏ ကျန်းမာရေးပင်ဖြစ်ပါသည်။
အားလုံးသိနှင့်ပြီးသည့် အတိုင်း လွန်ခဲ့သော ရက်သတ္တပတ်အလွန်တွင် ကျွန်ုပ်တို့၏ အုပ်ချုပ်ရေးမှူး Whitmer မှ ေ
ကျာင်းပြန်လည်ဖွင့်လှစ်ခြင်းနှင့် ပတ်သက်သော ကွဲပြားသည့်အဆင့် နှင့် အခြေအနေများနှင့်ပတ်သက်မှုများကို ေ
ကြညာပေးခဲ့ပြီဖြစ်ပါသည်။ လွန်ခဲ့သော လ များအတွင်း ကျွန်ုပ်တို့သည် လုံခြုံမှု နှင့် သင်ယူမှုကို
ပြန်လည်ကောင်းမွန်လာစေရန် စီမံချက်များ ကြိုးစားလုပ်ဆောင်ခဲ့ ကြပါသည်။ ကျွန်ုပ်တို့သည် ကျောင်းသားများ၊ ေ
စတနာ့ဝန်ထမ်းများ၊ BCPS ခေါင်းဆောင်များနှင့်ပူးပေါင်းပြီး၊
မိချိဂန်လုံခြုံ သောကျောင်းလမ်းပြမြေပုံ (MI Safe Schools Roadmap) နှင့် ပြည်နယ်ဒေသန္တရကျန်းမာရေးဌာနတို့၏
လမ်းညွှန်ချက် အတိုင်း မူကြမ်းရေးဆွဲလုပ်ဆောင်ခဲ့ကြပါသည်။

တနင်းလာနေ့ညနေခင်းတွင် BCPS ခေါင်းဆောင်များသည် ၎င်းမူကြမ်းအား ပညာရေးဘုတ်အဖွဲ့ထံသို့ တင်ပြခဲ့ကြပါသည်။
ဤအစီအစဉ်သည် ကျောင်းသားများပညာသင်ကြားနိုင်ရန် နှင့် COVID-19 ပြန့်ပွားမှုအန္တရာယ်အနည်းဆုံးဖြစ်နိုင် ခြေရှိ
သည်ဟုယုံကြည်ကြပါသည်။ အကယ်၍ကျောင်းဖွင့်မည့်အချိန်၌ မိချိဂန်သည် ရောဂါပြန့်ပွားမှု သတ်မှတ်ချက်အဆင့် ၄
တွင် ရှိနေပါက၊ သူငယ်တန်း မှ ၅တန်း များသည် လူကိုယ်တိုင်ကျောင်းတက်ခြင်း(in-person schooling) စနစ်ဖြင့်
သင်ကြားသွားမှာဖြစ်ပါသည်။ ၆ တန်း မှ ၁၂ တန်း ကျောင်းသားများအတွက်ကိုမူ ကျန်းမာရေးဘေးကင်းလုံခြုံမှုအတွက်
ဦးစားပေးစဉ်းစားသောကြောင့် ၎င်းတို့အတွက်ကိုမူ ဆက်လက်ပြီးအွန်လိုင်းမှတဆင့်သင်ကြားခြင်းစနစ်ကိုအသုံးပြုသွား
ပါမည်။ အကယ်၍ မိချိဂန်တွင် ဗိုင်းရပ်စ်သည် ပိုမိုဆိုးရွားလာပြီး သတ်မှတ်ချက်အဆင့် ၃ သို့ရောက်ရှိသွားပါက၊ ကျောင်း
ပညာရေးအားလုံးသည် အွန်လိုင်းမှတဆင့်သင်ကြားခြင်းကိုသာပြုလုပ်သွားမှာဖြစ်ပါသည်။

**<u>သူငယ်တန်း မှ ၅ တန်းကျောင်းသားများ။</u>**

- လက်ရှိဒေသဆိုင်ရာအချက်အလက်အပေါ်အခြေခံပြီး Calhoun ကောင်တီကျန်းမာရေးဦးစီးဌာနသည် မျက်နှာချင်းဆိုင်သင်ကြားခြင်းအတွက် အောက်ဖော်ပြပါလမ်းညွှန်ချက်များကိုပံ့ပိုးပေးပါသည်။
- ကျောင်းသားများသည် ရက်သတ္တပတ်တွင် ငါးရက် ကိုယ်တိုင်ကျောင်းသို့လာပြီး၊ ကျောင်းတက်ရပါမည်။ ဘေးကင်းလုံခြုံရေးကြိုတင်ကာကွယ်မှုနှင့်အတွက် ဝန်ထမ်းများ နှင့် ကျောင်းသားများသည် မျက်နှာဖုံးများ အသုံး ပြုရပါမည်။ သန့်ရှင်းရေးဝန်ထမ်းများမှ သန့်ရှင်းရေးလုပ်ထုံးလုပ်နည်းများကို တိုးမြှင့်ဆောင်ရွက်ကြမှာဖြစ်ပါသည် အုပ်စုလိုက်လှုပ်ရှားမှု နှင့် အခြားကိုယ်ကာယလှုပ်ရှားမှုပြုလုပ်ခြင်းများ လျှော့ချသွားမှာဖြစ်ပါသည်။
- COVID-19 ပြန့်ပွားမှုအန္တရာယ်အနည်းဆုံးဖြစ်စေရန် ကျောင်းလှုပ်ရှားမှုများသည် စာသင်ခန်းအတွင်း၌ သို့မဟုတ် ကျောင်းပြင်ပ တို့၌ များသောအားဖြင့်ပြုလုပ်မှာဖြစ်ပါသည်။ သန့်ရှင်းရေးဝန်ထမ်းများသည် သန့်ရှင်းရေးလုပ်ထုံးရှိ သည့်အတိုင်းဝန်ဆောင်မှုများပေးနိုင်ရန်စာသင်ကျောင်းအဆောက်အဦးတိုင်းတွင်အဆင်သင့်ရှိကြမှာဖြစ်ပါသည်။
- မူလတန်းကျောင်းသားများသည် စာသင်ချိန်အတွင်း ကျောင်းခန်းထဲတွင်သင်ကြားကြမှာဖြစ်ပြီး၊ ကျောင်းပြင်ပသို့ သင်ကြားခြင်း နှင့် အားလပ်ချိန် စသည့်တို့တွင် ပြင်ပသို့ထွက်ကြမှာဖြစ်ပါသည်။ ကျောင်းသားများသည် အနုပညာ၊ ဂီတ နှင့် ကိုယ်ကာယလှုပ်ရှားမှုများကို စာသင်ခန်းအတွင်း၌ဖြစ်စေ၊ ပြင်ပတွင်ဖြစ်စေ၊ ပါဝင်ကြပါမည်။ နေ့လည်စာကို စာသင်ခန်းအတွင်း၌သာ ကျွေးမွေးမှာဖြစ်ပါသည်။

**၆ - ၁၂ တန်းကျောင်းသားများ။**

- (၆-၁၂)တန်းကျောင်းသားများအတွက် စာသင်နှစ်၏ အနည်းဆုံးပထမကိုးပတ်ကို၊ ၎င်းတို့၏ အတန်းအချိန်ဇယား အပေါ်မူတည်ပြီး၊ ရက်သတ္တပတ်လျှင် ၅ ရက် အွန်လိုင်းမှတဆင့်သင်ကြားခြင်းစနစ်ဖြင့်သင်ကြားရမှာဖြစ်ပါသည်။
- ထို ရက်သတ္တပတ် ၉ ပတ် မတိုင်မီ၊ ကျွန်ုပ်တို့သည် စာသင်ကျောင်းသို့ လူကိုယ်တိုင်သင်ကြားခြင်းအတွက်လုံခြုံမှု ရှိမရှိကို၊ မိချိဂန်၏ လက်ရှိရောဂါပြန့်ပွားမှုသတ်မှတ်ချက်အဆင့်၊ လူထုအသိုင်းအဝိုင်းများ၏တုံ့ပြန်ချက်၊ ဝန်ထမ်းများ၊ ကျောင်းသားများ၊ မိသားစုများ၏ တုံ့ပြန်ချက်များအပေါ်မူတည်ပြီး သုံးသပ်သွားမှာဖြစ်ပါသည်။
- (၆-၁၂)တန်းကျောင်းသားများ၏ အွန်လိုင်းမှတဆင့်သင်ကြားခြင်းအတွက် ကျွန်ုပ်တို့၏ ဒစ်ဂျစ်တယ်အရင်းအမြစ် များတွင်တိုးချဲ့ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ပြီဖြစ်ပါသည်။ BCPS ကျောင်းသားတိုင်း Chromebook လုံလောက်စွာရရှိ နိုင်ရန်တိုးချဲ့ခဲ့ပြီဖြစ်ပါသည်။ လိုအပ်သောအခြားနည်းပညာဖြန့်ဖြူးခြင်းကို ကျောင်းတက်ရက်မတိုင်မီတွင်ဖြန့်ဖြူး သွားမှာဖြစ်ပါသည်။ ကျေးဇူးပြု၍ သတင်းအချက်အလက်များကို နားစွင့်ပေးပါ။

**BCPS အွန်လိုင်းပညာရေး (BCPS Virtual Academy)**

- သူငယ်တန်း မှ ၁၂ တန်း ကျောင်းသားများအတွက် မိသားစုများအနေဖြင့် ဆန္ဒရှိပါက အွန်လိုင်းမှ သင်ကြားခြင်း ကို ရွေးချယ်နိုင်ပါသည်။ ၎င်းကို BCPS အွန်လိုင်းပညာရေးဟုခေါ်ပါသည်။ ဤရွေးချယ်မှုသည် ၂၀၂၀-၂၁ ပညာသင်နှစ်တစ်ခုလုံးအတွက် အွန်လိုင်းပညာသင်ကြားခြင်းတွင်ပါဝင်လိုသောမိသားစုများအတွက်ဖြစ်ပါသည်။ ဤရွေးချယ်မှုသည် ကျန်းမာရေးအတွက် စိုးရိမ်ပူပန်မှုရှိသောမိသားစုများအတွက် အကောင်းဆုံးဖြစ်ပါသည်။
- ဤအစီအစဉ်တွင် ကျောင်းသင်ခန်းစာ နှင့် လမ်းညွှန်ပေးမည့်ဆရာ/မများပါဝင်ပါမည်။ ဆရာများပါဝင်သည်ဆို ပေမယ့် ဤအစီအစဉ်ကိုရွေးချယ်မည်ဆိုပါက၊ မိမိကိုယ်ကိုယ်ဦးဆောင်ပြီးသင်ယူရပါမည်။ ဤအစီအစဉ်သည် ၆-၁၂ တန်းကျောင်းသားများအတွက်လုပ်ဆောင်ပေးသောသင်ယူမှုနှင့်မတူပါ။ ဤအစီအစဉ်သည်ဆရာ/မများ နှင့် ထိတွေ့မှုနည်းသောကြောင့် မိမိကိုယ်တိုင်လေ့လာသင်ယူမှုအားကောင်းသောကျောင်းသားများ၊ ပံ့ပိုးမှုအား ကောင်းသောမိဘများ စသည့်တို့အတွက်ရွေးချယ်မှုအကောင်းဆုံးဖြစ်ပါသည်။ ဤအစီအစဉ်နှင့်ပတ်သက်သော သတင်းအချက်အလက်များ အသေးစိတ်ကို ရက်မကြာမီအတွင်းကြေညာသွားမှာဖြစ်ပါသည်။

**အတန်းအဆင့်အားလုံးအတွက်**

- အထူးအကူအညီလိုအပ်ချက်ရှိသောကျောင်းသားများသည်လည်း အချိန်ပြည့်ဖြင့်ကျောင်းသို့ပြန်လာတက်ခွင့်ရှိပါ သည်။ အကယ်၍ပိုမိုအသေးစိတ်သိရှိလိုပါက၊ ကျောင်းအုပ်ကြီးများထံစုံစမ်းမေးမြန်းနိုင်ပါသည်။
- ဩဂုတ်လအစပိုင်းတွင် ကျွန်ုပ်တို့သည် လူထုအသိုင်းအဝိုင်းများနှင့် ပူးပေါင်းပြီး၊ စိတ်ပိုင်းဆိုင်ရာဝန်ဆောင်မှုများ ပံ့ပိုးပေးမှာဖြစ်ပါသည်။ TrueSuccess နှင့် Character Strong ဆိုသည့် လူမှုရေး- စိတ်ပိုင်းဆိုင်ရာသင်ယူမှု သင်ရိုးညွှန်းတမ်း ကိုအသုံးချပြီး၊ စိတ်ဒဏ်ရာဆိုင်ရာကြားဝင်ကူညီမှုများကို အုပ်စုငယ်ဖွဲ့ပြီး၊ ခရိုင်ကျောင်း တလျှောက်တိုးချဲ့ဆောင်ရွက်သွားပါမည်။

**ကျောင်းသားများအတွက် အစားအစာ**

- ကျောင်းသို့ လူကိုယ်တိုင်တက်ရောက်မည့် သူငယ်တန်း မှ ၅ တန်းကျောင်းသားများအတွက် စာသင်ကျောင်းသို့ နေ့လည်စာကျွေးပါမည်။ သို့ရာတွင် လူစုလူဝေးမများစေရန် စာသင်ခန်းအတွင်း၌ ကျွေးမှာဖြစ်ပါသည်။
- ပြည်နယ် နှင့် ဖက်ဒရယ်၏ခွင့်ပြုချက်အရ၊ အစာထုတ်များထုပ်ယူခြင်းကို MI Safe Start အစီအစဉ် ၏ သတ်မှတ် ချက် အဆင့် (၁-၄) အတွင်းရှိနေစဉ်အတွင်း သတ်မှတ်ထားသောနေရာများတွင်ထုတ်ယူနိုင်ပါသည်။

၂၀၂၀-၂၀၂၁ ပညာသင်နှစ်ဟာအခြားနှစ်များနှင့်မတူထူးခြားလိမ့်မည်ဆိုတာကျွန်ုပ်တို့သိပါသည်။ သို့ရာတွင် BCPS မိသားစုများအတူတကွပူးပေါင်းကြပါက၊ အောင်မြင်ကျော်လွှားကြမှာအမှန်ပါ။

လေးစားစွာဖြင့်
Kimberly Carter
ပညာရေးမှူး